ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂၊ အမှတ် ၂ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

## E - Lock System and Centralized Surveillance System of Container Vehicle Inspection System အတွက် လေ့လာရေးခရီး သွားရောက်ခြင်း



ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့တွင်တပ်ဆင်အသုံးပြုနေသော E-Lock System and Centralized Surveillance System of Container Vehicle Inspection System အတွက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင် (၅) ဦးသည် ၂၀၁၆ ခုနှစ် ၊ အောက်တိုဘာလ (၁၀) ရက်နေ့ မှ (၁၄) ရက်နေ့ အထိ ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။

လေ့လာရေးခရီးသွားရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ထိုင်းနိုင်ငံနယ်စပ် နှင့် လာအိုနိုင်ငံနယ်စပ် တို့တွင် လက်ရှိအသုံးပြုနေသော E-Lock System and Centralized Surveillance System of Container Vehicle Inspection System အားလေ့လာပြီး ၄င်းစနစ်သည် မြန်မာ့အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ အပေါ် အထောက်အပံ့ကောင်းဖြစ်မည်ဆိုပါက အဆိုပါစနစ်အား မြန်မာနိုင်ငံတွင် အသုံးပြုသွားနိုင်ရန် ရည်ရွယ်၍ သွားရောက် လေ့လာခဲ့ခြင်းဖြစ်ပါသည်။

# ဒုတိယအကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၂/၂၀၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ၂၀၁၆ ခုနှစ် ၊ အောက်တိုဘာလ (၁၇) ရက်နေ့ (၀၉း၃၀) နာရီအချိန်တွင် ကျင်းပပြုလုပ်သော ဒုတိယအကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၂/၂၀၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ နှင့် သင်တန်းသား/သင်တန်းသူ ဒုတိယ အကောက်ခွန်မှူး (၁၀၇) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် (၄)ပတ် ကြာမြင့်မည်ဖြစ်ပါသည်။

## Brief Session For MACCS Launch အခမ်းအနား ကျင်းပခြင်း




၂၀၁၆ ခုနှစ် ၊ အောက်တိုဘာလ(၂၆) ရက်နေ့ မှ (၂၇) ရက်နေ့ အထိ ရန်ကုန်မြို့ ၊ လမ်းမတော်မြို့နယ် ၊ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ခန်းမ၌ Brief Session for MACCS Launch အခမ်းအနားကို အကောက်ခွန်ဦးစီးဌာန နှင့် JICA တို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

Brief Session for MACCS Launch အခမ်းအနားကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် စတင်ကျင့်သုံးတော့မည့် MACCS စနစ် စတင်သည့်အခါ ကြုံတွေ့ရမည့် အခက်အခဲများအား နည်းနိုင်သမျှနည်းအောင် သတိထားရမည့်အချက်များ ၊ လုပ်ငန်းလွယ်ကူစေရန်အတွက် လိုက်နာရမည့်အချက်များ နှင့် MACCS စနစ်နှင့်ပတ်သက်၍ တက်ရောက်လာသူများမှ သိရှိလိုသည့်မေးမြန်းချက်များအား ရှင်းလင်းဖြေကြားပေးရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။


အဆိုပါအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ၊ MACCS ဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းသန့် နှင့် တာဝန်ရှိသူများ ၊ JICA Long term expert များ ၊ NTT Data မှ ပညာရှင်များ ၊ MACCS စနစ်၏ အဓိက User များဖြစ်လာမည့် အကောက်ခွန်လုပ်ငန်းများဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ ၊ စုစုပေါင်း (၅၃၀) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၂၆၃.၄၇) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ရေဆိပ် ၊ အထူးကင်း နှင့် အကောက်ခွန်နယ်မြေ ဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၈၆) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၁၂၆၃.၄၇)သန်းခန့် ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်





ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တားဆီးမှုအနေဖြင့် (၂၁-၁၀-၂၀၁၆) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-2 သို့ Dragon Air လေကြောင်းခရီးစဉ်အမှတ် KA-252, SF-12719 ဖြင့် ဟောင်ကောင်မှ ရန်ကုန်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည် U Htoo Myint Naing (PP No. MA 124157) ထံမှ i Phone 7 Plus (128 GB) (3) Nos, i Phone 7 (128 GB) (1) Nos စုစုပေါင်း (4) Nos ၊ ခန့်မှန်းတန်ဖိုးကျပ် (၄.၄၁) သန်းခန့်အားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၁၂၆၃.၄၇) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း






ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၂၀) မှ ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် ( ၃၃၉.၅၇၃ ) သန်းခန့် ရှိသည့်အနက် (၂၇-၁၀-၂၀၁၆) ရက်နေ့တွင် MIP ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ PENTAGON ASIA Co., Ltd မှ တင်သွင်းလာသော Ceramic Tiles (6165.77) MTK ၊ (5x20’) အားဖွင့်ဖောက်စစ်ဆေးရာ ID တွင်ကြေညာ ထားခြင်းမရှိသော Porcelain Tiles (6165.77) MTK ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၅၁.၀၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၁၂၆၃.၄၇) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးမှု (၅၆) မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ် ( ၃၇၆.၈၈၄ ) သန်းခန့် ရှိသည့်အနက် (၃-၁၀-၂၀၁၆) ရက်နေ့တွင် မူဆယ် မှ မန္တလေးမြို့သို့ ဝင်ရောက်လာသည့် ယာဉ်အမှတ် (1G/3843) အဆင်းယာဉ်စစ်ဆေးရေးတာဝန်ကျ ဦးစီးအရာရှိ ဦးဌေးလွင်-၅ ဦးစီး အဖွဲ့ဖြင့်စစ်ဆေးရာ ယာဉ်ပေါ်တွင်တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ တရုတ်နိုင်ငံလုပ် Photo Paper (အထုပ်) (1x20) (၂၀) ဖာ ၊ Photo Paper (အထုပ်) (1x70) (၂၀)ဖာ၊ မဝတ်ကလေးဘောင်းဘီ (၄၉၈၀) ထည်၊ ကျားဝတ်ကလေးဘောင်းဘီ (၅၇၀) ထည် ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၄.၁၃) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၁၂၆၃.၄၇) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၄-၁၀-၂၀၁၆) ရက်နေ့တွင် မြစ်ကြီးနားမြို့ မှ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်း စစ်ဆေးရေးဂိတ်သို့ မောင်းနှင်လာသည့် Nissan UD (၁၀) ဘီးယာဉ်အား ပူးပေါင်းစစ်ဆေးရေးအဖွဲ့ မှ စစ်ဆေးရာ ကျောက်စိမ်းဟု ယူဆရသည့် ကျောက်ထုပ်အရွယ်စုံ (၁၇၀) ထုပ် ၊ အလေးချိန် (၄၆၇၈) Kg ခန့် ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁၈) သန်းခန့် အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၁၂၆၃.၄၇) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၁-၁၀-၂၀၁၆) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ Terminal-2 ၊ ပြည်ပထွက်ခွာဆောင် Main X-Ray စက်၌ တာဝန်ကျ အကောက်ခွန်ဝန်ထမ်းများ မှ စစ်ဆေးရာ Jet Star လေကြောင်းခရီးစဉ် အမှတ် - 3K-584 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် မှ စင်္ကာပူ လေဆိပ်သို့ ထွက်ခွာမည့် ခရီးသည် ဦးမိုးသိန်းထွေးဟန် အား Body Search စစ်ဆေးစဉ်ဘောင်းဘီအိတ် အတွင်းမှ WY စာတမ်းပါ (လိမ္မော်ရောင်) စိတ်ကြွရူးသွပ်ဆေးပြား (၃၃) ပြား ၊ အဖြူရောင် ပလပ်စတစ်အိတ် အပိုင်းအစဖြင့် ထုတ်ပိုးထားသော 88 စာတမ်းပါ (နီညိုရောင်) စိတ်ကြွရူးသွပ်ဆေးပြား (၁၅) ပြား ၊ စုစုပေါင်း ဆေးပြား (၄၈) ပြား ၊ အလေးချိန် (၄.၈) ဂရမ် ၊ ခန့်မှန်းတန်ဖိုးကျပ် (၀.၁၆၈) သန်းခန့်အား ဖမ်းဆီးရမိခဲ့ပါသည်။

# မိုဘိုင်းဖုန်း၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ အောက်တိုဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | ၁ | ၂ | ၃ | ၂၂.၇၁ |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက်ပစ္စည်း များ | - | ၆ | ၆ | ၅၆.၅၅ |
| | **စုစုပေါင်း** | ၁ | ၈ | ၉ | ၇၉.၂၆ |


အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၉)မှု ၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၇၉.၂၆) သန်းခန့်ရှိ၍ (၁-၄-၂၀၁၆) ရက်နေ့ မှ (၃၁-၁၀-၂၀၁၆) ရက်နေ့ အထိ မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု စုစုပေါင်း (၄၄)မှု ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂၄.၈၄၄) သန်းခန့် အား အရေးယူ ဆောင်ရွက်နိုင်ခဲ့ပါသည်။

# အများပြည်သူ စားသုံးရန်၊ သုံးစွဲရန် မသင့်သော စားသောက်ကုန် နှင့် လူသုံးကုန် ပစ္စည်းများအား ဖျက်ဆီးခြင်း



မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးသည့် အများပြည်သူ စားသုံးရန် နှင့် သုံးစွဲရန် မသင့်သော စားသောက်ကုန်နှင့် လူသုံးကုန် ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၉.၀၀၅) သန်းခန့်အား (၁၃-၁၀-၂၀၁၆) ရက်နေ့ (၁၂း၀၀) အချိန်တွင် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ၊ ညွှန်ကြားရေးမှူး ဦးသိန်းဆွေ ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန် မသင့်သော စားသောက်ကုန် နှင့် လူသုံးကုန် ပစ္စည်းများအား ဖျက်ဆီးခြင်း





တနင်္သာရီတိုင်းဒေသကြီး ၊ မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး မှ အကောက်ခွန်မှူး ဦးကျော်သူရ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် Myeik Shopping Center နှင့် Grand Jade Center တို့တွင် သွားရောက် စစ်ဆေးခဲ့ရာ တရားဝင်အခွန်ဆောင်ထားခြင်းမရှိသော ဓါတုပစ္စည်းများပါဝင်၍ အများပြည်သူ စားသုံးရန်မသင့်သည့် CSP တံဆိပ် နှင့် CP တံဆိပ်ပါ အေးခဲအသား (၃၅) ထုပ် ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၀.၂၂၈၉) သန်းခန့်အား (၂၀-၁၀-၂၀၁၆) ရက်နေ့တွင် သိမ်းဆည်းခဲ့ပြီး (၂၁-၁၀-၂၀၁၆) ရက်နေ့ (၁၀း၀၀) အချိန်တွင် မြိတ်ခရိုင် ၊ စည်ပင်သာယာပိုင် မြေကွက်လပ်ပေါ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သောဖျက်ဆီးရေးအဖွဲ့ဖြင့်စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ပါသည်။

# ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ဘီယာများအား ဖျက်ဆီးခြင်း





တနင်္သာရီတိုင်းဒေသကြီး ၊ မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးဝင်းအတွင်း၌ ကန့်သတ်ကုန်ပစ္စည်းများဖြစ်သော Chang Beer (2550) Pkgs နှင့် Singer Beer (620) Pkgs ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၇.၆၄) သန်းခန့်အား (၂၄-၁၀-၂၀၁၆) ရက်နေ့ (၁၂း၀၀) အချိန်တွင် တနင်္သာရီတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ၊ ညွှန်ကြားရေးမှူး ဦးတင်ထွန်းဝင်း ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ဘီယာများအား ဖျက်ဆီးခြင်း









တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးဝင်းအတွင်း၌ ကန့်သတ် ကုန်ပစ္စည်းများဖြစ်သော ဘီယာ (၆၀၀၀) ဖာ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၆၀) သန်းခန့်အား (၈-၁၀-၂၀၁၆) ရက်နေ့ ၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်း ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့်စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်ဆွေးနွေးဖြေကြားချက်များ




Molasses (တင်လဲရည်) များ တင်သွင်းရာတွင် HS Code ၊ Duty Rate နှင့် အခွန်လျှော့နှုန်းခံစားခွင့် (Form AI) အားမေးမြန်းရာ HS Code မှာ 1703.10.10 ဖြစ်ပြီး အကောက်ခွန် 15% ၊ အခွန်လျှော့နှုန်းခံစားခွင့် (Form AI) တင်ပြပါက အကောက်ခွန် 7.5%၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Chandeliers (မီးဆိုင်း) တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 9405.10.40 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။







Diesel Engine Generator များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8501.31.50 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




Portable Air Compressor များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8414.40.00 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်ဆွေးနွေးဖြေကြားချက်များ



Steel Plate များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 7209.90.90 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5%နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Refrigerator (ရေခဲသေတ္တာ) များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8418.29.00 ဖြစ်ပြီး အကောက်ခွန် 10% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။



Air Cooler ၏ HS Code နှင့် Duty Rate အားမေးမြန်းခဲ့ရာ HS Code မှာ 8479.60.00 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြား ခဲ့ပါသည်။




LED Price Signs ၏ HS Code နှင့် Duty Rate အားမေးမြန်းခဲ့ရာ HS Code မှာ 9405.60.10 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြား ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်ဆွေးနွေးဖြေကြားချက်များ




Milk Powder (Skimmed) များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 0402.21.90 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Cement များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2523.29.90 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Empty Polypropylene Bag (ပီနံအိတ်ခွံ) များ တင်သွင်းလိုပါ သဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 6305.33.10 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။




Natural Cork များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 4501.10.00 ဖြစ်ပြီး အကောက်ခွန် 10% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။